ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့
Delegation for Political Negotiation (DPN)

# သတင်းထုတ်ပြန်ချက်

၁ / ၂၀၁၇

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်

၁။ ၂၀၁၇ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံပွဲကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ (၁၅း၃၀) နာရီအချိန် ကျင်းပပြုလုပ်သွားကြမည် ဖြစ်ပါသည်။

၂။ ၂၀၁၇ ခုနှစ်၊ မတ်လ(၃)ရက်နေ့တွင် အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN တို့သည် စတုတ္ထအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ (၁၀း၀၀) နာရီအချိန် ဆက်လက်ကျင်းပပြုလုပ်သွားကြမည် ဖြစ်ပါသည်။

၃။ အဆိုပါအစည်းအဝေးများတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအပါအဝင် အာမခံချက်ရှိပြီး အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် UNFC မှ အဆိုပြုထားသော အချက်(၉) ချက်ပါ အဆိုပြုမှုအပေါ်အခြေခံ၍ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ပါသည်။

၄။ တွေ့ဆုံညှိနှိုင်းရေးအတွက် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်ဦးဆောင်သော (၁၀)ဦးပါကိုယ်စားလှယ်အဖွဲ့မှာ ယနေ့ (၂၈-၂-၂၀၁၇) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေတဆင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြပြီ ဖြစ်ပါသည်။


**ဆက်သွယ်ရန် -**

*ခူဦးရယ် (အဖွဲ့ခေါင်းဆောင်)*

*ဖုန်း + 66 (0) 848 051 344*
*+ 95 (0) 931 430 300*

*ဗိုလ်ချုပ်စိုင်းထူး (ဒုတိယအဖွဲ့ခေါင်းဆောင် - ၁)*

*ဖုန်း + 66 (0) 992 977 817*